ကယ်လီဖိုးနီးယား (California) ၏ 2020 ခုနှစ်
အထွေထွေ ရွေးကောက်ပွဲတွင် မည်ကဲ့သို့ မဲဆန္ဒပေးမည်နည်း

အသင့် ပြင်ထားခြင်း

အကယ်၍ သင်သည် မဲဆန္ဒပေးရန် စာရင်းသွင်းထားပြီးဖြစ်ပါက သင့်အချက်အလက်များအားလုံး မှန်ကန်ကြောင်းသေချာစေရန်အတွက် **voterstatus.sos.ca.gov** သို့ သွားရောက်ကြည့်ရှု သင့်ပါသည်။ သင့် နေရပ်လိပ်စာ၊ အီးမေးလ်လိပ်စာ များကို ကြည့်ရှုစစ်ဆေးပြီး ဘာသာပြန်ဆို ထားသည့် ရွေးကောက်ပွဲ၏ အချက်အလက်များကို သင် လက်ခံရရှိလိုခြင်း ရှိ၊မရှိ ဖော်ပြပေးပါ။

အကယ်၍ သင် စာရင်းမသွင်းရသေးပါက အွန်လိုင်းရှိ **registertovote.ca.gov** ၌ သင် စာရင်းသွင်းနိုင်သည် သို့မဟုတ်လည်း DMV ၊ စာတိုက်၊ စာကြည့်တိုက် သို့မဟုတ် သင့် ကောင်တီရွေးကောက်ပွဲရုံး များသို့ သွားရောက်ကာ ဖောင်ပုံစံကို ရယူနိုင်ပါသည်။ သတ်မှတ်ထား သည့်နေ့ရက်ကို သင် မမှီခဲ့ပါက ရွေးကောက်ပွဲပြုလုပ်သည့်နေ့ရက်အထိ နှင့် ရွေးကောက်ပွဲ ပြုလုပ်သည့်နေ့ရက်၌လည်း သင် စာရင်းသွင်းနိုင်ပါသည်။

နေအိမ်မှနေပြီး မဲဆန္ဒထည့်ခြင်း

အကယ်၍ အောက်တိုဘာလ 19 ရက်နေ့မကျော်လွန်မီ သင် စာရင်းသွင်းထားပြီးဖြစ်ပါက သင့် မဲပြားကို စာတိုက်မှတဆင့် သင် လက်ခံရရှိမည်ဖြစ်ပါသည်။ သင့် မဲပြားကို ဖြည့်စွက်ပြီး နေ့စွဲနှင့်တကွ လက်မှတ်ထိုးကြောင်း သေချာစစ်ဆေးပြီးနောက် စာအိတ်ပိတ်ပါ။

၎င်းအား **စာတိုက်ဖြင့်** သင် ပြန်ပေးပို့နိုင်ပါသည်။ စာပို့ခ မကုန်ပါ။ ၎င်းအား နိုဝင်ဘာလ 3 ရက် နေ့မကုန်ဆုံးမီ စာတိုက်တံဆိပ်ရိုက်နှိပ်ထားကြောင်း သေချာပါစေ။

၎င်းအား သင့်ကောင်တီရွေးကောက်ပွဲရုံး သို့မဟုတ် မဲပေးခြင်း နေရာဌာန သို့မဟုတ် မဲပေးခြင်း စင်တာ များတို့၌ သင် သွားရောက် **ပေးပို့ထားနိုင်** သည်။ ကောင်တီများ အများစုမှာလည်း လုံခြုံစိတ်ချရသော ပေးပို့နိုင်သည့်စာတိုက်ပုံးများကို အောက်တိုဘာလ စောပိုင်းတွင် စတင်ပြီး ထားရှိပါသည်။

လူကိုယ်တိုင်ဖြင့် သွားရောက်မဲဆန္ဒထည့်ခြင်း

ရွေးကောက်ပွဲ နေ့ရက်မှာ လာမည့် အင်္ဂါနေ့၊ နိုဝင်ဘာလ 3 ရက်၊ 2020 ခုနှစ်ဖြစ်ပါသည်။ မဲပေးခြင်းကို နံနက် 7 နာရီ မှ ည 8 နာရီအထိ ဖွင့်ထားပါမည်။

သင်၏ မဲပေးခြင်း နေရာဌာန ကို **ဤ**နေရာတွင် ကြည့်ရှုနိုင်သည် - **sos.ca.gov/elections/polling-place**

ကောင်တီများ အများစုသည်လည်း လူကိုယ်တိုင်ဖြင့် မဲဆန္ဒထည့်ခြင်းကိုလည်း စနေနေ့၊ အောက်တိုဘာလ 31 ရက်၊ 2020 ခုနှစ် မှစတင်ပြီး ကမ်းလှမ်းစီစဉ်ပေးမည်ဖြစ်ပြီး အချို့သော လူကိုယ်တိုင်ဖြင့် သွားရောက်မဲဆန္ဒထည့်ခြင်းကို ပိုမိုစောစီးစွာ ဆောင်ရွက်မည်ဖြစ်ပါသည်။ သင်၏ ဒေသဆိုင်ရာ ရွေးကောက်ပွဲရုံးတွင် မေးမြန်းပါ။

စောစီးစွာ မဲဆန္ဒပေးခြင်း နေရာများ နှင့် ပေးပို့နိုင်သည့်စာတိုက်ပုံးများကို **ဤ**နေရာတွင် သင် ကြည့်ရှုနိုင်သည် - **caearlyvoting.sos.ca.gov**

လုပ်ငန်းစဉ်များ တတ်နိုင်သမျှ လွယ်ကူစွာ ပြုလုပ်နိုင်ရန်အတွက် သင်၏ မဲပြားကို စာတိုက်မှတဆင့် သင် လက်ခံရရှိထားခဲ့ပါက လာရောက်သည့်အခါတွင် သင်နှင့်အတူ ယူဆောင်လာပါ။

55 Columbus Avenue, San Francisco, CA 94111 | T (415) 896-1701 | www.advancingjustice-alc.org